ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)




# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
## ရေကျော်ကျေးရွာ၊ ရေကျော်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့


မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.......................................................................................၂
၂။ရေကျော်ကျေးရွာအုပ်စုမြေပုံ .......................................................................................၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း .............................................၃
၄။ကျေးရွာအခြေခံအချက်အလက်များ .......................................................................................၄
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............၅
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၆
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................၁၈
၈။ ကျေးရွာကော်မတီဝင်များစာရင်း.......................................................................................၂၃
၉။ပုံစံ-၁။ကျေးရွာအချက်အလက် .......................................................................................၂၄
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်.......................................................................................၂၇
၁၁။အစည်းအဝေးမှတ်တမ်းများ .......................................................................................၃၀
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)........................................၃၄

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ရေကျော်ကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ရေကျော်ကျေးရွာ

၂။ ချောင်းစောက်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရေကျော်ကျေးရွာသည် နှစ်ပေါင်းများစွာ ကတည်းက တည်ရှိခဲ့ပြီး ကျေးရွာပတ်လည်တွင် ချောင်းများဝန်းရံ လျှက်ရှိပြီး မိုးရာသီတွင် ချောင်းရေများရွာအတွင်းသို့ဖြတ်ကျော်ဝင်ရောက်ရာမှ အဟုစွဲပြု၍ ရေကျော်ကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။ ရေကျော်ကျေးရွာသည် ကျောက်တန်းမြို့ ၏အရှေ့မြောက်ဘက် (၁၀) ခန့်အကွာတွင်တည်ရှိပြီး အရှေ့ဘက်တွင် ညောင်ဝိုင်းကျေးရွာ ၊ အနောက်ဘက်တွင်ကြာကန်ကျေးရွာ ၊ တောင်ဘက်တွင် သန်လျှင်မြို့နယ် ၊ မြောက်ဘက်တွင် ချောင်းစောက်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ရေကျော်ကျေးရွာရှိ လူများအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြကာ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း ရှိပါသည်။ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းအနေဖြင့် စပါး နှင့် ပဲ ကိုအဓိကထား၍စိုက်ပျိုးကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၂၂၁ | ၂၉၄ | ၃၀၆ | ၆၀၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၄၅ | ၁၅ | ၃၀ | ၄၅ |
| မြေယာမဲ့ | ၈၀ | ၆၅ | ၁၅ | ၈၀ |
| မသန်စွမ်း | ၁ | ၁ | - | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲတီစိမ်း | ဝက် | | |
| မတ်ပဲ | ဘဲ | | |
| ကွမ်း | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၅၀၄၀.၇၉ | ၉၆.၀၂ | မရှိ | မရှိ | -/၃ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၃ | မရှိ | -/၂ | ၁၅ | ၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၄ | - | ၅၀၀ | - | ၁၀၄ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၁၀ | ၂၀၀ | ၂၀ | ၄၀ | ၅ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၅ | ၁၅ | ၃၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်း ပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၂ | ၁၀ | ၂၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂-၂-၂၀၁၄ | ချမ်းသာ၊ အလယ်အ လတ်၊နွမ်းပါး အုပ်စုများ | ၇ | ၈ | ၁၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၃-၂-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၇ | ၂၂ | ၄၉ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၃-၂-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၅ | ၁၅ | ၃၀ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆ | ၇ | ၁၃ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




**သုံးသပ်ချက်**

ရေကျော်ကျေးရွာတွင် အဓိကကျသောလမ်းမကြီးများမှာ ကျေးရွာဝင်လမ်းမကြီးနှင့် ရွာလယ်လမ်းမတို့ဖြစ်ကြပါသည်။ကျေးရွာတွင်းရှိလမ်းများအနက် ရွာတွင်းလမ်းတစ်ခုသာ ကွန်ကရစ်လမ်းခင်းထားပြီး ကျေးရွာဝင်လမ်းမကြီးနှင့် ကျေးရွာအတွင်း ဆက်သွယ်ထားသောလမ်းများမှာ မြေနီလမ်းများဖြစ်ပါသည်။ကျေးရွာအတွင်းရှိအခြေအဆောက်အအုံများမှာ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း ၊ မူလတန်းကျောင်းတစ်ကျောင်း ၊ စာကြည့်တိုက်တစ်ခု နှင့် အစည်းအဝေးခန်းမတစ်ခု

တို့ရှိပါသည်။ကျေးရွာအတွင်းနေထိုင်သူဦးရေမှာနည်းပါးပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သောကြောင်လယ်/ယာကွင်းများတွင်နေထိုင်သူဦးရေများပြားကြောင်းတွေ့ရပါသည်။လယ်ပိုင်ယာပိုင်နည်းသောကြောင့်ကျေးရွာပြင်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ကျေးရွာတွင်းချောင်းကူးတံတားသုံးစင်းရှိပြီး နှစ်စင်းမှာ ကွန်ကရစ်တံတားဖြစ်၍ တစ်စင်းမှာ သစ်သားတံတားဖြစ်ပါသည်။ကျေးရွာတွင်းမြစ်ချောင်းများ ပတ်လည်ဝန်းရံထားသော ကြောင့်နှစ်စဉ် လယ်ယာမြေများရေလွှမ်းမိုးမှုဒဏ်ကိုခံရပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ကျေးရွာ - ရေကျော်
ကျေးရွာအုပ်စု - ရေကျော်
မြို့နယ် - ကျောက်ဆည်

"ဥစ္စာဓနကြွယ်ဝမှုဇယား"
ရက်စွဲ ၂.၂.၂၀၂၃

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သော အုပ်စု | လယ် (၁၀ ဧက-၂၅ ဧက)၊ ကြက်၊ ဒေါင်ဖျန်း၊ လယ်ထွန်စက်၊ ပျဉ်အိမ်ထောင် သွပ်မိုး၊ နွား၊ ဘဲ၊ ဆိုင်ကယ် ဆိုလာပြား၊ TV၊ | ၁၅ | ၆ |
| အသင့်အတင့် ပြေလည်သော အုပ်စု | လယ် (၁၀ ဧကအောက်)၊ ကြက်၊ ဘဲ ပျဉ်ထောင်အိမ် သွပ်မိုး ထော်လာဂျီ၊ ဆိုင်ကယ်၊ နွားလှည်း၊ ကွမ်းခြံ | ၅၀ | ၂၃ |
| မပြေလည် သောအုပ်စု | လယ် (၅ ဧကအောက်)၊ ဝါးဓနိ၊ ဝက်အိမ်၊ ကြက်၊ ဘဲ၊ ဝက်၊ | ၇၅ | ၃၄ |
| အလွန်မပြေလည် သောအုပ်စု | ဝါးဓနိအိမ်၊ ကြက်မွေးမြူရေး၊ လက်လုပ်လက်စား၊ | ၈၃ | ၃၇ |

## သုံးသပ်ချက်

ရေကျော်ကျေးရွာတွင် ပြေလည်သောအုပ်စု၊ အသင့်အတင့်ပြေလည်သောအုပ်စု၊ မပြေလည်သောအုပ်စု၊ အလွန်မပြေလည်သောအုပ်စု ဟူ၍ လူမှုအဆင့် (၄)ဆင့်ရှိပါသည်။ ပြေလည်သော အဆင့်မှာ ပျဉ်ထောင်သွပ်မိုး၊ လယ်-၁၅ ဧကအထက်၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ TV၊ ဆိုလာနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၁၅)စုနှင့် ရာခိုင်နှုန်းမှာ(၆%)ရှိပြီး၊ အသင့်အတင့်ပြေလည်သောအဆင့်တွင် ပျဉ်ထောင်၊သွပ်မိုးအိမ်၊ထရံကာ လယ်-၁၀ဧကအောက်၊ နွားပုံ၊ ဆိုင်ကယ်၊ ကွမ်းခြံရှိပြီး စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုမှာ (၅၀) စုနှင့် ရာခိုင်နှုန်းမှာ (၂၃%) နှင့် မပြေလည်သောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊ စက်ဘီးနှင့်လယ် ၅ဧကအောက်ပိုင်ဆိုင်သောအိမ်ထောင်စုမှာ (၇၅)စု ရာခိုင်နှုန်းမှာ (၃၄%) နှင့် အလွန်မပြေလည်သောအဆင့်တွင် ဓနိမိုးအိမ်၊ ထရံကာ၊ စက်ဘီးနှင့်လက်လုပ်လက်စားလုပ်ကိုင်သောအိမ်ထောင်စုမှာ (၈၁) စုနှင့် ရာခိုင်နှုန်းမှာ (၃၇%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာတွင်ပြေလည်သောအုပ်စု၏ရာခိုင်နှုန်းမှာအနည်းဆုံးဖြစ်ပြီးအသင့်အတင့်ပြေလည်သောအုပ်စု၏ အချိုးမှာလည်း မပြေလည်သောအုပ်စု အလွန်မပြေလည်သောအုပ်စု တို့၏အချိုးနှင့် အနည်းငယ်သာ ကွာဟမှု ရှိပါသည်။မပြေလည်သောအုပ်စု များပြားရခြင်းမှာ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဥတု** သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်လများတွင် မိုးအနည်းငယ်သာ ရွာ၍ နယုန်၊ဝါဆို၊ ဝါခေါင်၊တော်သလင်းလများတွင် မိုးများပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး လများတွင် ရာသီဥတုသာယာပါသည်။မိုး

**စိုက်ပျိုးရေး** နယုန်လနှင့်ဝါဆိုလများတွင်စပါးကို စတင်စိုက်ပျိုးပါသည်။ တော်သလင်း၊ သီတင်းကျွတ် လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းဒများကို သီးထပ်စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက် ဝက်၊နွား တို့ကို မွေးမြူကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲ၊ တန်ပေါင်းလများ တွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ဝင်ငွေကောင်းသောအချိန်ဖြစ်ပါသည်။ကျန်လများတွင်နေ့စားလုပ်ငန်းများ ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဂင်ငွေမှာ နည်းပါးပါသည်။

**သောက်သုံးရေ**


တန်ပေါင်း၊တန်ခူး၊ကဆုန်လများတွင်အပူချိန်မြင့်မားသောကြောင့်ကျေးရွာတွင်းရှိမြေသားသောက်ရေကန်များရေနည်းခြင်း၊ အနည်ထခြင်းများကြောင့်သောက်ရေအတွက် အခက်အခဲရှိပါသည်။

**အစားအစာ** အစားအစာဖူလုံမှု့အပိုင်းတွင် စပါးပေါ်ချိန် နှင့် ပဲစိုက်ချိန် သိမ်းချိန်များတွင် ဖူလုံမှု့ရှိသော်လည်း မိုးရာသီအလုပ်အကိုင်နည်းပါးသောအချိန်တွင် အနည်းငယ်အခက်အခဲရှိကြောင်းတွေ့ရပါသည်။

**ကျန်မာရေး** ရာသီဉတုပြောင်းလဲမှုကြောင့်ဖြစ်သော နှာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ ရှိပါသည်။ ကဆုန် ၊နယုန် လများတွင် ဝမ်းပျက်ဝမ်းလျော ရောဂါနှင့် မိုးများသော လများတွင် သွေးလွန်တုတ်ကွေးရောဂါ တို့ဖြစ်လေ့ရှိပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**




## သုံးသပ်ချက်

ကျေးရွာအတွင်း ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊ ရပ်မိရပ်ဖ ၊ ဂေါပကအဖွဲ့ ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ၊ သာရေးနာရေးအဖွဲ့ ၊ အမျိုးသားအဖွဲ့ ၊ အမျိုးသမီးအဖွဲ့ ၊ မြေယာကော်မတီနှင့် မြစိမ်းရောင်အဖွဲ့ အစည်းများဖြစ်ကြပါသည်။ကျေးရွာလူထုနှင့် အနီးစပ်ဆုံးနှင့် ချိတ်ဆက်ဆောင်ရွက်မှု့အများဆုံးအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊ ရပ်မိရပ်ဖ ၊ ဂေါပကအဖွဲ့အစည်း တို့ဖြစ်ပါသည်။ သာရေးနာရေးအဖွဲ့ ၊ အမျိုးသားအဖွဲ့ ၊ အမျိုးသမီးအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ၊ မြေယာကော်မတီနှင့် မြစိမ်းရောင်ကော်မတီတို့သည်လည်း ကျေးရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှု့ရှိပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ စိုက်ပျိုးရေးဘဏ် ၊ မြေစာရင်းဦးစီးဌာန ၊ ရဲစခန်း ၊ ကျန်းမာရေးဦးစီးဌာန ၊ မြို့နယ်ပညာရေးမှုးရုံး နှင့် မြို့နယ်အုပ်ချုပ်ရေးမှုးရုံးတို့မှာ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းနှင့်သာချိတ်ဆက်မှု့များပြီးကျေးရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှု့အားနည်းနေသေးသည်ဟုသုံးသပ်မိပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

**ဦးဆောင်နိုင်မှု** ကျေးရွာတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ရပ်ရွာတွင်း သာရေးနာရေး လုပ်ငန်းများဆောင်ရွက်ရာတွင်အမျိုးသမီးများသည်အမျိုးသားများထက်ဦးဆောင်မှုပိုင်းတွင်အားနည်းနေသေး ကြောင်းတွေ့ရပါသည်။

**ပညာရေးလက်လမ်းမီမှု** ပညာရေးပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ လက်လမ်းမီကြောင်းတွေ့ရှိရပါသည်။

**လုံခြုံစိတ်ချမှု** လမ်းခရီးသွားလာရေးနှင့် အလုပ်လုပ်ကိုင်ရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ လုံခြုံစိတ်ချရပြီး အမျိုးသမီးများအတွက်လုံခြုံမှုအားနည်းနေသေးသည်ဟုထင်မြင်မိပါသည်။

**အိမ်မှုကိစ္စ** အိမ်မှုကိစ္စများပြုလုပ်ရာတွင် ရှေးရိုးစွဲအစဉ်အလာများကြောင့် အမျိုးသမီးများကသာ အိမ်မှုကိစ္စများကို ပိုမိုလုပ်ကိုင်ကြရပါသည်။


**အဖွဲ့အစည်းများတွင်ပါဝင်မှု** နာရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပါဝင်မှုပိုမိုအားနည်းနေပါသေးသည်။အဘယ့်ကြောင့်ဆိုသော်အမျိုးသမီးများသည်အိမ်မှုကိစ္စများလုပ်ကိုင်နေရ သောကြောင့်ဖြစ်ပါသည်။


**ကျန်းမာရေးလက်လမ်းမီမှု** ကျန်းမာရေးဗဟုသုတပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုလက်လမ်းမီကြောင်းတွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** အမျိုးသားများသည် မိသားစုအတွက်အဓိက ဝင်ငွေရှာဖွေ နေကြသောကြောင့် ဝင်ငွေရရှိမှုတွင် အမျိုးသားများကသာ ဦးဆောင်နေကြောင်းတွေ့ရှိရပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း** အမျိုးသားများသည် အချိန်မရွေးနေရာ မရွေး လုပ်ကိုင်နိုင်ခြင်း ၊ ခွန်အားဗလ ကွာခြားခြင်းများကြောင့် အမျိုးသမီးများထက် အလုပ်အကိုင်အခွင့် အလမ်းပေါ်များပါသည်။

၆။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ယာမြေ၊ လယ်ထွန်စက်၊ မြစ်ချောင်း၊ ငါးဖမ်းပိုက်ကွန်၊ သောက်ရေကန်၊ စက်ရေတွင်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ဘောလုံးကွင်းစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊ စျေးဆိုင်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ကျွဲ၊ နွား၊ ဝက် စသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော လယ်ထွန်စက်၊ မြစ်ချောင်း၊ ဘောလုံးကွင်း၊ ငါးဖမ်းပိုက်ကွန်၊ ရေတွင်း၊ ရေကန်အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ လယ်ယာမြေ၊ စက်ဘီး၊ ဆိုင်ကယ်၊ စျေးဆိုင်၊ ကျွဲ၊ နွား၊ ဝက် တို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကော်မတီသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၃.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးရဲကျော်သီ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခင်မျိုးလှိုင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမိုးကျော်သူ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ယဉ်ယဉ်နု | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးဇော်မျိုးလွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးသန်းဆင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးငွေထွန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်မာလွင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးတင်စိန် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးသိန်းထွန်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်နွဲ့ကြည် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးမြင့်အောင် | ကျား | ဂေဖဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်သန်းသန်းမော် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးမြင့်ကျော် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်လဲ့လဲ့ဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးညွန့်သိန်းအောင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်  ကျား-၁၁ ယောက်+  မ-၅ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးရဲကျော်သီ  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်ခင်မျိုးလှိုင်  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၃။ဦးရဲကျော်သီ  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်
၄။ဦးသန်းဇော်အေး  ဘဏ္ဍာရေးဆက်ကော်မတီဥက္ကဌ
၅။ဦးမြင့်စိုး  ဘဏ္ဍာရေးဆက်ကော်မတီ၊ စာရင်းကိုင်
၆။ဒေါ်ဥမ္မာခင်  ဘဏ္ဍာရေးဆက်ကော်မတီ၊ အဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးစိုးထိုက်အောင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၄/.၂. ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဆွေဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-421101565 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးစိုးတိုက်ဖေဝင် |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် - ကျောက်တန်း ကျေးရွာအုပ်စု ရေကျော် | ကျေးရွာ – ရေကျော် | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၂၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၂၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၅ | ဗုဒ္ဓ | ၄၅ |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၉၄ | ၃၀၆ |
| လူမျိုးစု (၁)---------- | ၂၉၄ | ၃၀၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၉၆ | ၂၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| [illegible]လတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် - အရန်သားဖွားဆရာမ | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း    ကတ္တရာလမ်း    ကွန်ကရစ်လမ်း    မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း    **(မြေသားလမ်း)**    လူသွားလမ်း    အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**(မရှိပါ)**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/**(မသိပါ)**

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --နာဂစ်မုန်တိုင်း--

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ငွေစုမ်းကောင်စီဖွဲ့ကြိုး

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် - ဦးကျော်ဆက်ဝင်း |
| | လက်မှတ် [signature] နေ့စွဲ ၂.၂.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် - ဦးစိုးထိုက်အောင် |
| | လက်မှတ် [signature] နေ့စွဲ ၂.၂.၂၀၁၇ |

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဦးစိုးထိုက်အောင် | | | |
| နေ့စွဲ ၄.၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ~~ပြည်နယ်~~ / တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ဇာကျော် | ကျေးရွာ ဇာကျော် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| ၂ | စိုက်ပျိုးမြေ ယာရေမ [illegible] ခြင်း | ၂ | မိုးရာသီတွင် ခရီးသွားလာရ ပိုမိုခက်ခဲခြင်း |
| ၃ | ကျန်းမာရေး ဝန်ဆောင်မှု အခက်အခဲ ရှိခြင်း | ၃ | စိုက်ပျိုးရေး နည်းပညာ ခက်ခဲခြင်း |
| ၄ | သောက်သုံးရေ လုံလောက်မှု အခက်အခဲ ရှိခြင်း | ၄ | လျှပ်စစ်မီး မရရှိခြင်း |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း | ၅ | စာသင်ကျောင်း ဝေးရာကျခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသားအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး အဆင်ပြေ ချောမွေ့စေရန် | ၁ | ကွန်ကရစ်လမ်းများ ဖြစ်လာစေချင် |
| ၂ | မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရန် | ၂ | လျှပ်စစ်မီးများ လုံလုံလောက်လောက် ရရှိစေချင် |
| ၃ | ကျန်းမာရေး ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရန် | ၃ | ချောင်းမြောင်းများ ရေစီးရေလာ ကောင်းစေချင် |
| ၄ | သောက်သုံးရေများ လုံလောက်ပေါ်များလာစေရန် | ၄ | ကျန်းမာရေး ဆေးပေးခန်း ရရှိချင် |
| ၅ | စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးလာစေရန် | ၅ | ပညာရေး အဆင်ပြေလာစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းမကြီး | ကျား+မ | ၇၄ သိန်း | |
| ၂ | ကျေးရွာတွင်းလမ်း | ကျား+မ | ၃၀၈ သိန်း | |
| ၃ | ဆေးပေးခန်း တည်ဆောက် | ကျား+မ | ၁၃၀ သိန်း | |
| ၄ | ရေကန် ပြုပြင်ခြင်း | ကျား+မ | ၂၀၀ သိန်း | |
| ၅ | စာသင်ကျောင်း ပြုပြင်တိုးချဲ့ | မ | | |

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ | | အမျိုးသမီးများ တင်ပြသော အခက်အခဲ အတားအဆီးများ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာ အခက်အခဲရှိခြင်း | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | လျှပ်စစ်မီး အခက်အခဲရှိခြင်း | ၂ | ကျန်းမာရေးအတွက် ခက်ခဲခြင်း |
| | | ၃ | အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း |
| | | ၄ | စားဝတ်နေရေး ခက်ခဲခြင်း |

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လျှပ်စစ်မီးများ ရရှိစေရန် မျှော်မှန်း | ၁ | သောက်သုံးရေ လုံလုံလောက်လောက် ရရှိရန် |
| ၂ | အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာစေရန် | ၂ | ပညာရေးအဆင့် မြင့်တင်လာရန် |
| | | ၃ | စာသင်ကျောင်းများ တိုးချဲ့ရေး |
| | | ၄ | ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန် |
| | | ၁၀ | ရွာ၏ အဆင့် မြင့်လာစေရန် |
| | | ၁၁ | ကျန်းမာရေးဗဟုသုတပညာပေးပွဲများ စေချင် |

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား / အမျိုးသမီးများ / အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းဦးရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း တည်ဆောက်ခြင်း | အမျိုးသမီး | | |
| ၂. | စက်ရေတွင်း တူးဖော်ခြင်း | ကျား + မ | | |
| ၃. | အများသုံး ယင်လုံအိမ်သာ တည်ဆောက်ခြင်း | အမျိုးသမီး | | |
| ၄ | ကျေးရွာအတွင်း [illegible] | အမျိုးသား | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမပင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ချောင်းမြောင်းတူးဖော်ခြင်း | အမျိုးသား | |
| ၂ | ကျေးရွာအတွင်းလျှပ်စစ်မီးရရှိ | ကျား + မ | |
| ၃. | စိုက်ပျိုးရေးနည်းပညာလိုအပ် | အမျိုးသား | |
| ၄. | အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရန် | အမျိုးသား | |
| ၅. | လက်မှုအတတ်ပညာသင်တန်းများလိုအပ် | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--- ဦးခဲလွေးဒါဝိ --- လက်မှတ်--- [signature] --- နေ့စွဲ--- ၉.၂.၂၀၁၇ ---

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ရေကျော် |
| ကျေးရွာအုပ်စု | ရေကျော် ကျေးရွာ အုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျေးရွာ ဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂.၂.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာ ပထမအကြိမ် အစည်းအဝေး (စီမံကိန်း မိတ်ဆက် နှင့် စေတနာ့ဝန်ထမ်း ရွေးချယ်[illegible] |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၇၀)ဦး ၊မ ( ၄၉ )ဦး= (၁၁၉) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ဆွေးနွေးချက်။ " ရေကျော်ကျေးရွာ ရာအိမ်မှူး ဦးကျော်ဆန်း[illegible]က လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာလူထုကို အခြေပြု ရည်ရွယ်၍ ကျေးရွာ အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရန် အတွက် ရည်ရွယ်၍ ရောက်လာခြင်း ဖြစ်ကြောင်း, ထို့ကြောင့် ကျေးရွာ သူ/သား များ တလဲ အစည်းအဝေးကို တက်ကြွ ပါဝင်၍ ပုံမှန် တက်ရောက် ပေးကြပါရန် အဖွင့်အမှာစကား ပြောကြားပေးပါသည်။"

ဆွေးနွေးချက်။ " လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ ကျေးရွာ[illegible] လူထုကို နားလည်နိုင် လက်ရှိ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော ရာထူးကို စတင်မိတ်ဆက်ပြီး စီမံကိန်းဖြစ်ပေါ်လာပုံ နှင့် လူထုဗဟိုပြု[illegible] စီမံကိန်း သည် ကျေးရွာလူထုအားလုံးကို အခြေပြု၍ ဖွံ့ဖြိုးရေး လုပ်ငန်းများ[illegible] လုပ်ဆောင်မည်ဖြစ်သည့် အတွက် ကျေးရွာလူထုမှ ပူးပေါင်းပါဝင်မှုသာ[illegible] ကျေးရွာ၏ လိုအပ်သော အချက်အလက်များကို သိရှိပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ထိရောက်စွာ ဖြည့်ဆည်းနိုင်မည် ဖြစ်ကြောင်း, ထို့ကြောင့် အားလုံး ပူးပေါင်းပါဝင် ပေးကြပါရန် ပြောကြားခဲ့ပါသည်။"

ဆွေးနွေးချက်၊ "ဦးရိုးတိုက်ဟောင်းမှ လူထုပထမပြု စီမံကိန်း

ယခုတစ်ခေါက် အချက် (၁၅၁) ချက်ကို လူထုစည်းရုံးရေးမှူး ဦးရိုးတိုက်ဟောင်းမှ အသေးစိတ်ရှင်းပြခဲ့ပါသည်။ ပြီးနောက် စီမံကိန်း၏ အဓိကအကျဉ်းသော စီမံကိန်း၊ ဆက်ရန်၊ အကြောင်းကို ရှင်းပြရာ၊ စီမံကိန်း၊ ဆက်တိုက်တွင် အပိုင်း (၆၁) ပိုင်း ရှိပြီး အခန်းအရေအတွက် (၁၅၁) ခန်းပါရှိကြောင်းနှင့် အပိုင်း (၁၁) ပိုင်း ခြင်းစီတွင် ပါဝင်သည့် အခန်းများကို အသေးစိတ် ရှင်းလင်း ပြောကြားပေးပါသည်။ ဆက်လက်၍ စီမံကိန်းတွင် ပါဝင်သူများ၏ အဓိကတာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ရှင်းပြခဲ့ပါသည် ပြီးနောက် လူထုစည်းရုံးရေးမှူး ဦးရိုးတိုက်ဟောင်းမှ ရှင်းပြခဲ့သည်များကို မှတ်သားလိုက်၊ နားမလည်သည်ပါက ပြန်လည်၍ မေးမြန်းနိုင်ကြောင်း ပြောကြားပြီး ရှင်းပြခဲ့သည် ကျေးရွာ လူထုမှ မေးမြန်းရာ မြို့ပါသူ ဆိုသော အကြောင်း ရှင်းပြခဲ့သည် များကို ပြန်လည်မေးမြန်းခဲ့ပြီး မေးမြန်းရာပေါ်သောပါက နောက်ပိုင်းအကြိမ် များကို ပြန်လည်မေးမြန်း ခဲ့ပြီး မေးမြန်းရာပေါ်သောပါက အစည်းအဝေးပြုလုပ်စဉ်တွင် မေးမြန်းနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ "လူထုစည်းရုံးရေးမှူး ဦးရိုးတိုက် အတည်ပြုချက်

ဟောင်းမှ ယခုသီးစွာ ကျေးရွာဖွံ့ဖြိုးရေး ညှိနှိုင်းများ လုပ်ဆောင်ရန် အတွက် ကျေးရွာကော်မတီများကို ဦးစွာ ဖွဲ့စည်းပေးရန် လိုအပ် ကြောင်း ပြောကြားပြီး ကော်မတီများ၏ အသေးစိတ်ဖွဲ့စည်းချက်များ၊ တာဝန် ဝတ္တရားများကို ပြောပြပြီး၊ အမှန်တကယ် လုပ်ဆောင် နိုင်သူကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်တင်မြှောက်၍ မဲပေးစနစ်ဖြင့် ရွေးချယ်ရမည်ဖြစ် ကြောင်း ပြောပြပြီး အဆိုပြုတင်သွင်းခိုင်းရာ အမျိုးသား တစ်ဦးမှ ဦးဖြင့်ကျော်၊ ဦးကြည်ထွန်း နှင့် ဦးထွန်းဝင်း တို့ကို အဆိုပြုပြီး၊ အမျိုးသမီးတစ်ဦးမှ ဒေါ်ဝေဝေစိ ဒေါ်သန်းနီ နှင့် ဒေါ်ခင်မာလွင် တို့ကို အဆိုတင်သွင်းပြီး မဲပေးစနစ်ဖြင့်ရွေးချယ်ခဲ့ရာ မဲအများဆုံးရသော ဦးဖြင့်ကျော် နှင့် ဒေါ်ဝေဝေစိ တို့ကို ကော်မတီ အဖြစ် ရွေးချယ်ခဲ့ရပါသည်။ ပြီးနောက် ဦးရိုးတိုက်ဟောင်းမှ ကျေးရွာလူထုအား ကျေးဇူး တင်ကြောင်း ပြောကြားပြီး လူထုပထမပြု စီမံကိန်း ပထမအကြိမ် အစည်းအဝေးကို ဆောင်ရွက်စွာ ရုပ်သိမ်းခဲ့ပါသည်။

[signature]
အတည်ပြုသူ
ဦးရိုးတိုက်ဟောင်း

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---------- ရေကျော်

ကျေးရွာအုပ်စု ---------- ရေကျော်

အစည်းအဝေးပြုလုပ်သည့်နေရာ ---------- ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---------- ၄.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---------- ကျေးရွာဒုက္ခိတသဘင်ကြိုမ် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၇၀)ဦး ၊မ ( ၅၉)ဦး= (၁၂၉) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ အခက်အခဲများ မျှော်မှန်းချက်များ သိရှိရန်၊ ဖွံ့ဖြိုးရေး စီးပွားပေးလုပ်ငန်းများ ရွေးချယ်ထွက်ပေါ်လာစေရန်နှင့် ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ ဖြစ်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူး နီးစိုးထိုက်အောင်မှ အစည်းအဝေး တက်ရောက်လာသော ကျေးရွာ လူထုအား ကြိုဆိုနှုတ်ခွန်းဆက်ပြီး၊ အမျိုးသား နှင့် အမျိုးသမီးများကို သီးခြားခွဲစေ၍ ၎င်းတို့၏ ကြုံတွေ့နေရသော အခက်အခဲများ၊ ကျေးရွာ အတွက် မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်း အခက်အခဲများမှ မျှော်မှန်းချက်များကို ဖော်ထုတ်ရရှိရန် အတွက် စီမံကိန်း လုပ်ငန်းခွဲများ ရှိမှသာ မျှော်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး အမျိုးသား / သမီး များကို ကြိုဆို၍ အုပ်စုခွဲစေပြီး အမျိုးသား ဘက်မှ တင်ပြသော စီမံကိန်းလုပ်ငန်းခွဲများ၊ အမျိုးသမီး များဘက်မှ တင်ပြသော စီမံကိန်း လုပ်ငန်းခွဲများ ထွက်ပေါ်လာပြီး၊ ထွက်ပေါ်လာသော စီမံကိန်း လုပ်ငန်းခွဲများကို တူညီသော လုပ်ငန်းခွဲများကို ပူးပေါင်းပြီး၊ ကျန်ရှိမတူညီသော လုပ်ငန်းခွဲအားလုံးနှင့်အတူ မဲစနစ်ဖြင့် ဦးစားပေး လုပ်ငန်း ရွေးချယ်ရန်အတွက် ကျေးရွာလူထုအား မဲပေး၍ ရွေးချယ်ခိုင်းခဲ့ပါသည်။

ဆွေးနွေးချက်
ဆုံးဖြတ်ချက်
သဘောတူညီချက်

"ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းများ ကို ကျေးရွာလူထုမှ မဲစနစ်ဖြင့် ရွေးချယ်

ရာတွင် ဦးစားပေး (၁) ကျေးရွာအဝင်လမ်းမကြီး၊ ဦးစားပေး (၂) ကျေးရွာ
တွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း၊ ဦးစားပေး (၃) ချောင်းများတူးမြောင်း
ဦးစားပေး (၄) ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း၊ ဦးစားပေး (၆)
ကျေးရွာအတွင်း လျှပ်စစ်မီး ရရန်၊ ဦးစားပေး (၇) စာသင်ကျောင်း ပြုပြင်
တိုးချဲ့ခြင်း၊ ဦးစားပေး (၈) ဘုန်းကြီးကျောင်းတည်ဆောက်ခြင်း၊ ဦးစားပေး (၉)
စက်ရေတွင်းတူးဖော်ခြင်း၊ ဦးစားပေး (၁၀) စိုက်ပျိုးရေး နည်းပညာ
များရရှိရေး၊ ဦးစားပေး (၁၁) အလုပ်အကိုင်အခွင့်အလမ်း ပေါများစေ
ရန်၊ ဦးစားပေး (၁၂) ဒေသများသို့ ယာဉ်လုံးပတ်သွားလာ တည်ဆောက်ရန်၊
ဦးစားပေး (၁၃) လက်မှုပညာသင်တန်းများ ရရှိရန်၊ ဦးစားပေး (၁၄)
ကျေးရွာအားကစားကွင်း ဖြစ်လာစေရန် ဟူ၍ ဦးစားပေးလုပ်ငန်းများ
ထွက်ပေါ်လာခဲ့ပါသည်။ ပြီးနောက် ရိုးရိုးတိုက်ပေါင်း၌ စီမံကိန်း၏
အကျုံးဝင်သော လုပ်ငန်းများ နှင့် အကျုံးမဝင်သော လုပ်ငန်းများ ကို

ကျေးရွာလူထုရှေ့တွင် ဖော်ပြပြီး၊ သိရှိစေရန် ရှင်းပြခဲ့ပါသည်။ ပြီးနောက်
ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်
ဆောင်ရွက်ရာတွင် စီမံကိန်း နှင့် အကျုံးဝင်သော လုပ်ငန်းခွဲများကို
သဘောတူလုပ်မည်ဖြစ်ပြီး၊ စီမံကိန်း နှင့် အကျုံးမဝင်သော လုပ်ငန်းခွဲများ
ကို ကျေးရွာဖွံ့ဖြိုးရေး စာအုပ်ထဲသို့ ထည့်သွင်းပေးထားမည်ဖြစ်
ကြောင်း ကို ကျေးရွာလူထု သဘောပေါက်အောင် ရှင်းပြခဲ့ပါသည်။

စီမံကိန်း လုပ်ငန်းခွဲများ ထွက်ရှိလာပြီဖြစ်သည့်အတွက်
ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းခွဲများကို အကောင်အထည် ဖော်ဆောင်
ရန်အတွက် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ များရှိမှ
သာ ကျေးရွာလူထုနှင့် ပူးပေါင်း၍ ချောမွေ့စွာ အကောင်အထည်ဖော် လုပ်
ဆောင်နိုင်မည် ဖြစ်ကြောင်း ပြောကြား၍ ကျေးရွာလူထုကိုယ်တိုင်

- ဆက်လက်၍ လှည်းပါတ်ပြင်ကိုင်းသိမ်းရေး ကော်မတီ ကိုရွေးချယ်မည်ဖြစ်သော ကြောင့် လှည်းပါတ်ကိုင်းသိမ်းရေး ဆပ်ကော်မတီ၏ ဖွဲ့စည်းပုံ ရာထူး တာဝန်ဝတ္တရားများကို ကျေးရွာလူထုအား အသေးစိတ် ပြောကြားပြီး အဆိုပြုတင်သွင်းခိုင်းရာ အမျိုးသားဘက်မှ ဦးမြင့်အောင်၊ ဦးတင်စိုး၊ ဦးသိန်းထွန်း၊ ဦးသောင်းရွှေ တို့ကို အဆိုပြုတင်သွင်းရာ အမျိုးသမီးဘက်မှ ဒေါ်ခင်မာလွင်၊ ဒေါ်နွဲ့ကြည်၊ ဒေါ်ရင်လှ တို့ကို အဆိုပြုတင်သွင်းပြီး မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမျိုးသားဘက်မှ (ဦးတင်စိုးနှင့် ဦးသိန်းထွန်း)၊ အမျိုးသမီးဘက်မှ (ဒေါ်နွဲ့ကြည်) တို့က မဲအများဆုံး ရရှိပြီး ရွေးချယ်ခံရပါသည်။

စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ ရွေးချယ်ရန်အတွက် ကျေးရွာလူထုအား စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို အသေးစိတ်ပြောပြပြီး အဆိုပြုတင်သွင်းခိုင်းရာ အမျိုးသားဘက်မှ ဦးမြင့်အောင်၊ ဦးသောင်းရွှေ၊ ဦးသန်းခင်၊ ဦးငွေထွန်း တို့ကို အဆိုပြုပြီး၊ အမျိုးသမီးဘက်မှ ဒေါ်ခင်မာလွင်၊ ဒေါ်ရင်လှ၊ ဒေါ်သန်းသန်းနီ တို့ကို အဆိုပြုတင်သွင်းပြီး မဲစနစ်ဖြင့်ရွေးချယ်ရာ အမျိုးသားဘက်မှ ဦးသန်းခင်၊ ဦးငွေထွန်း၊ အမျိုးသမီးဘက်မှ ဒေါ်ခင်မာလွင် တို့က မဲအများဆုံး ရရှိပြီး အရွေးချယ်ခံရပါသည်

ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေး ကော်မတီ ရွေးချယ်ရန်အတွက် ကျေးရွာလူထုအား ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို ပြောပြပြီး အဆိုပြုတင်သွင်းစေရာ အမျိုးသားဘက်မှ ဦးမြင့်အောင်၊ ဦးသောင်းရွှေ၊ ဦးအောင်တင် တို့ကို အဆိုပြုပြီး၊ အမျိုးသမီးဘက်မှ ဒေါ်ရင်လှ၊ ဒေါ်သန်းသန်းနီ၊ ဒေါ်သန်းသန်းမော် တို့ကို အဆိုပြုတင်သွင်းပြီး မဲစနစ်ဖြင့် ရွေးချယ်ရာ အမျိုးသားဘက်မှ ဦးမြင့်အောင်နှင့် အမျိုးသမီးဘက်မှ ဒေါ်သန်းသန်းမော် တို့က မဲအများဆုံး ရရှိကာ ရွေးချယ်ခံရပါသည်။

ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီအဖွဲ့ များ

ရွေးချယ်ပြီးနောက် လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ ယခု
လို လူထုဗဟိုပြု စီမံကိန်းမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ပြုလုပ်
ရန် အတွက် ပထမအကြိမ် အစည်းအဝေး ၊ လူမှုဆန်းစစ်မှုများ ပြုလုပ်
ခြင်းနှင့် ဒုတိယအကြိမ် အစည်းအဝေး သို့ တက်တက်ကြွကြွဖြင့် ပူး
ပေါင်းပါဝင် ကူညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့်
နောက်ပြုလုပ်မည့် စီမံကိန်းနှင့်ပါတ်သက်သည့် အစည်းအဝေးများ
စီမံကိန်း လုပ်ငန်းများ တွင်လည်း ယခုလိုပဲ ပူးပေါင်းပါဝင်ပေးကြပါ
ရန် ပြောကြားပြီး ရွေးချယ်ခံရသည့် စီမံကိန်းအထောက်အကူပြုကော်
မတီများကို ဆောင်ရန်နှင့် ရှောင်ရန်နှင့် တာဝန်များကို သေချာစွာ
သိရှိစေရန် ပြောပြီး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုး
စေပြီး ဒုတိယအကြိမ် အစည်းအဝေး ကို အောင်မြင်စွာ ရုတ်သိမ်း
ခဲ့ပါသည်။

မှတ်တမ်းတင်သူ
(ဦးစိုးထိုက်အောင်)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ-၄-၂-၂၀၁၇ ကျေးရွာ-ရေကျော် VDP ရက်စွဲ-

မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု-ရေကျော်

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊